
ဝန်းသိနိုင်
ထားရစ်ခဲ့လျှင် ကိုယ်ငိုမယ်

# ထားရစ်ခဲ့လျှင် ကိုယ်ငိုမယ်

"တယ်လို့များ

တနေ့နေ့မှာ...

တကယ်ဝေးသွားခဲ့ရင်

မင်း....ကိုယ့်ကို

မင်းမပစ်လိုက်ပါနဲ့

နာနာကြည်းကြည်း သတိရနေပါ...."

“တကယ်လို့များ . . . .

မင်းသာ ကိုယ့်ကို

ပစ်သွားခဲ့ရင် . . . .

ကိုယ်ငိုလိမ့်မယ်ဆိုတာ

မင်းသေချာသိရင် . . . .”

မောင်ရယ် . . . .

ဆယ်တန်းစာမေးပွဲ ပြီးလို့ နွေရာသီ ကျောင်းပိတ်ရက် ရှည်မှာ အင်္ဂလိပ်

စကားပြော သင်တန်းတစ်ခုကို “နှင်းနံ့သာ” တို့ အုပ်စု သွားတက်ဖြစ် တုန်းကပေ့ါ . . .

အဲ့ဒီ အပြစ်အပျက်လေးကို နှင်းနံ့သာ သိပ်မှတ်မိနေတယ်၊

ဒီနေ့ တကယ်ပဲ အဲ့ဒီလို ခံစားမှု လေးကြုံရတော့ နှင်းနံ့သာလေ . . . .

မျက်ရည်တွင်တွင်ကျရင်း နှုတ်ခမ်းလေး စေ့စေ့ပြီး တဟင်းဟင်းရယ်နေမိတယ်။

မောင်ရယ် . . . .

ဒီလိုတွေ ဖြစ်လာမယ် မထင်ခဲ့ဖူးလေ။

** ** **

( သင်းတန်းချိန်မှာ ဆရာက နှင်းနံ့သာ တို့အုပ်စုကို ဆန်းကြယ်သော မေးခွန်းတစ်ခု မေးခဲ့ဖူးပါတယ်မောင် . . .

ထိုမေးခွန်းလေးက . . .

“တကယ်လို့ ကိုယ်က ကိုယ့်ချစ်သူကို ရုပ်ရှင်သွားကြည့်ဖို့ တိုင်ပင်တော့ မအားဘူးကွာလို့ ငြင်းခဲ့ပြီး အဲ့ဒီနေ့မှာပဲ ကိုယ့်ချစ်သူဟာ တခြားတစ်ယောက်နဲ့ လက်ချိတ်လို့ ရုပ်ရှင်ရုံထဲက ထွက်လာတဲ့ မြင်ကွင်းကို မြင်ခဲ့ရရင် ဘာလုပ်မလဲလို့ . . . .”

နှင်းနံ့သာက နှုတ်ခမ်းလေးစေ့ပြီး ပြုံးကာ စဉ်းစားနေမိတယ် မောင် . . . ဘာလို့လည်း ဆိုတော့ နှင်းနံ့သာမှာ ချစ်သူ မရှိသေးဖူးလေ . . . .အဲ့ဒီ ခံစားမျိုး

ဘယ်သိပ့်ါမလဲ”

သင်တန်းသား တစ်ယောက်က ချက်ချင်းပဲ ထရပ်ပြီး . . .

“မျက်နှာချင်းဆိုင် ရှင်းမယ်” လို့ ရဲဝံ့စွာ ဖြေလိုက်တယ်”

ပြီးတော့ နောက်တစ်ယောက်က သူက သိပ်လှတယ်မောင် . . . . အဲဒီ သိပ်လှတဲ့ ကောင်းမလေး I m Singing “သီချင်းဆို နေလိုက်မယ်” လို့ မာနနဲ့ ဖြေလိုက်တယ်။

ဆရာက very proud သိပ်မာနကြီးတာပဲ လို့ ရေရွတ်လိုက်တယ်။ နှင်းနုံ့သာ က သူတို့ အဖြေတွေကို ရယ်ပြီး နားထောင် နေမိတယ်။

အဲဒီ မှာတင် နောက်တစ်ယောက်က မတ်တတ်ရပ်ပြီး . . . .

Im drinking “ဘီယာသောက်မယ်” လို့ဖြေပါတယ်။

ဆရာက “ဒါထွက်ပေါက်ရှာတာပဲ” လို့ မှတ်ချက်ပေးပါတယ်။

ဒါပေမယ့်လေ နှင်းနုံ့သာ ဘေးနားက ကောင်မလေး ကတော့ “သူ့မှာ ချစ်သူ ကောင်လေး ရှိပါတယ်” မတ်တတ် ကလေးရပ်ပြီး . . . .

ဘယ်လို ဖြေခဲ့သလဲဆိုတော့ . . .

I’ m crying “ ကျွန်မငိုနေမှာပေ့ါ” တဲ့ . . . ။

ဆရာက “ရိုက် . . . ရိုက်” သိပ်မှန်တာပဲ တကယ် ချစ်မိရင် ကောင်မလေးက ငိုမှာပေ့ါလို့ ပြောသွားပါတယ် . . . .။

သင်တန်းချိန်ကလေးမှာ ပျင်းရိညည်းငွေ့လာရင် သည်လိုပဲ အထူးတဆန်း မေးခွန်းလေး တွေ မေးရင်းဖြေရင်း ရယ်မောလန်းဆန်း စေပါတယ်။

နှင်းနုံ့သာက မောင့်ကို ချစ်မိခဲ့ပြီ။

မောင်ကသာ ပစ်သွားမယ် ထားသွားမယ် အသစ်ရှာသွား ခဲ့မယ်ဆိုရင်

ကျွန်မ နှင်းနံ့သာက ငိုရှုံ့ကလွဲပြီး ဘာတတ်နိုင် မှာလဲဟင်။

ကျွန်မ ငိုမှာပေ့ါ မောင်ရယ် . . .

မောင်ထားရစ်ခဲ့ရင် . . . . နှင်းနံ့သာ ငိုမိမှာပဲပေ့ါ . . . ။)

** ** **

“သွက်လက်အောင်” က ခြေချိတ်ထိုင်ပြီး စီးကရက်ကို တချက်ဖွာလျက် ပြာလွင်သော ကောင်းကင်ကို မော့ကြည့်နေသည်။

ကြည်ပြာ ရောင်ကောင်းကင် တင်စားပြောရရင်တော့ ကောင်းကင်သည် Royal blue “ တော်ဝင်အပြာရောင်”ပေ့ါကွာ။

ကျယ်ပြန့်သော မိုးကောင်းကင်ပြာမှာ ညနေ ဆည်းဆာချိန်မို့ တိမ်စိုက်တိမ်လိပ် ဖြူဆုပ်ဆုပ်များက အုံရွှေ့လျား ဖွဲ့နေသည်။

မကြာခင်မှာ ညရောက်တော့မှာမို့ လင်းလတ်သော ကြယ်ပွင့် ကလေးများကို ကောင်းကင်မှာ မြင်တွေ့ရတော့မည်။

မနေ့ညတုန်းက ထိုငွေကြယ်ပွင့် များကို ဝရန်တာမှာ ထိုင်ငေး မောရင်း သူရေတွက်ကြည့် နေခဲ့မိပါသည်။

သူအိပ်မပျော်လို့ပါ။

သည်ညရော ငွေကြယ်ပွင့်များကို ဆက်ရေတွက် မိအုံးမှာလား ဟု သူတွေးမိသည်။

သည်ညပြီးလျှင် တော့ မနက်ဖန် ဆိုတာ ရောက်လာတော့မည် . . .

မနက်ဖြန်ကို ရင်ဆိုင်ရမည်။

သူ" မျိုးကျော့မြိုင် " ၏ သီချင်းလေး တစ်ပုဒ် ကို သွားသတိရ သည်။

ကြယ်ပွင့်များသည် ကိုယ်မနီးချင် . . . .

ပင်လယ်ကြီးလည်း ကိုယ်မဖြတ်ချင် ဆိုတာလေးပါ။

ချစ်တဲ့သူ မျက်ဝန်းလေး မြင်ယောင်စဉ် . . . .

ကိုယ်ဟာ အနီးဆုံးရှိချင်လည်း . . . .

တကယ်တော့ အဝေးကြီးပဲ . . . .

သီးချင်းလေးက သူ့ရင်ကို လာထိမှန်သည်။

စီးကရက်ကို ပြာခွက်ထဲထည့်ထားပြီး ဟူးကနဲ သက်ပြင်းရှိုက်သည်။

"ကိုသွက် . . .ကိုသွက်ရေ . . .အော် ကိုသွက် ခေါ်လိုက်ရသော ဒီရောက်နေတာကိုး"

"သိင်္ဂီသတ်ထား " ကခေါ်သံလေးနှင့် အနားရောက်လာသည်။

"လာ ညနေစာစားရအောင် "

ဖြူလွလွ တီရှပ်ကလေးနှင့် စကာဒ်ရှည်ဖားဖားလေးက သိင်္ဂီသက်ထားကို ပိုပြီး တောက်ပစေသည်။

"အားလုံး အဆင်သင့်ဖြစ်ပြီ"

"ကိုယ် မဆာသေးဖူး"

"ဟာ မရပါဖူး စားရမယ်"

ကလေးဆန်စွာ နှုတ်ခမ်းစူမူနွဲ့သည်။

သူပြုံးမငြင်းချင်ပါ . . . အသာတကြည်ပဲ ထလိုက်လာခဲ့သည်။

သိင်္ဂီသက်ထားက သူ့ရှေ့မှ တဖျတ်ဖျတ် လျှောက်သွား၏ ။၂

“ငေးငိုင်မနေပါနဲ့ ကိုသွက်ရေ . . . အားလုံး ဒီအတိုင်း ဖြစ်ဖို့ ကံရှိလို့ပဲ သဘောထားလိုက် ပါ” ဟု သူ့ကို အားပေးနှစ်သိမ့်သည်။

သူငေးငိုင်တွေဝေနေမိသလား။

အင်းလေ . . . ဟုတ်ချင်လည်း ဟုတ်မှာပါ။

“မနက်ဖြန်ညနေ ဒီလိုအချိန်ဆို ကိုသွက်လွတ်လပ် သွားပြီး နှင်းနံ့သာနဲ့ တရားဝင်ကွာ ရှင်းပြီးသား ဖြစ်သွားပြီ”

သိင်္ဂီက တိတိကျကျ ရေရွတ်ပြနေသည်။

မနက်ဖန်ညနေ ဒီလိုအချိန်ဆို . . . .

ဟုတ်သည်။ မနက်ဖန် လေးနာရီခွဲ ငါးနာရီခွဲ ငါးနာရီလောက်မှာ သူငယ်ချင်းရှေ့ နေကို ခေါ်ထားသည်။

နှင်းနံ့သာလည်း လာလိမ့်မည်။

သူနှင့် နှင်းနံ့သာ လမ်းခွဲကြတော့မည်။

ဒါဟာ တကယ်ပါပဲ အဖြစ်မှန်ပါပဲ။

သိင်္ဂီ သက်ထားက ထမင်းစားပွဲ ရှိရာမှာ ထမင်းစားခန်းဘက် လျှောက်သွားပေမယ့် သူကတော့ ဧည့်ခန်းမှာ ခြေလှမ်းတန့်ပြီး ကျန်ရစ်ခဲ့ပြန်သည်။

သူဘာလို့ ငေးမော ငိုင်တွေနေသလဲ။

တရားဝင်ကွာရှင်းဖို့ နှင်းနံ့သာနှင့် နှစ်ဦးသဘောတူစွာ ဆုံးဖြတ်ခဲ့ကြပြီ ပဲမဟုတ်လား။

ဧည့်ခန်းထောင့်က ဆိုဖာမှာ လက်တင့်ပြီးရပ် နေမိသည်။

အမှန်တကယ်တော့ မနက်ဖန် မနက်ပိုင်း လက်မှတ်ထိုးကြဖို့ပါပဲ သူငယ်ချင်းက ညနေပိုင်းလောက်မှ အားမယ်ဆို ခဲ့တာမို့ . . .

နှင်းနံ့သာနှင့် လူကြီးမိဘတွေက သူ့အိမ်ကို ညနေပိုင်းလောက်မှ လာကြလိမ့်မည်။ သူကလည်း သူနှင့် နှင်းနံ့သာ အတူတူ နေခဲ့သော အိမ်လေးကို အဲ့ဒီအ ချိန်ရောက်မှပဲ သွားဖြစ်မှာပါ။

ခုတော့ သိင်္ဂီတို့ အိမ်မှာပဲ ညစာစားပြီး ညမိုးချုပ်မှ မေမေ့ ဆီပြန်အိပ်မည်။

သူ့အနားမှာ ရှိနေခြင်းအတွက် သိင်္ဂီသတ်ထားက ကျေနပ်နေသည်။

သူနှင့် နှင်းနံ့သာ ကွာရှင်းကြတော့မှာမို့ သိင်္ဂီသက်ထား က ကြိတ်ပြီး ပျော်ကောင်းပျော် နေလိမ့်မည်။

“ဝုန်း” ကနဲ အသံကြောင့် သွက်လက်အောင် လန့်သွားမိသည်။

အသံလာရာဆီ လှည့်ကြည့်မိသောအခါ ဧည့်ခန်းအစွန်းထောင့် မှန်ပုံးထဲက ငါးတွေ ခုန်နေကြတာ . . . .

သွက်လက်က မှန်ပုံးထဲကို စူးစိုက်ကြည့်မိသည်။

ငွေရောင်တွေ တစ်ဖိတ်ဖိတ် တလက်လက် လျှံထွက်လို့ပါလား။

သူ ချက်ချင်းပဲ အနားတိုးကပ်ကာ ကြည့်မိသည်။

လှပသိမ်မွေ့သော ကူးခတ်ပုံနှင့် ငါးတစ်ကောင်မြူးလို့ ခုန်လို့ . . .

သူစိတ်ဝင်တစား ကြည့်ကာ နေမိပါသည်။

သိင်္ဂီတို့ အိမ်အမြဲ လာနေကျ ဖြစ်သော်လည်း ထိုအလှ မွေးငါးကို တစ်ခါမှ သတိမပြု မိခဲ့ပါ။

ပြီးတော့ သည်လို တဖိတ်ဖိတ်တလက်လက် အရောင်တွေ

ဖြစ်နေတာကို သူမတွေ့ဖူးခဲ့။

“ကိုသွက် အော် လာပါဆို”

“သိင်္ဂီခဏ ဒီမှာ လာကြည့်အုံး”

သွက်လက်အောင် လှမ်းခေါ်ပြမိသည်။

“ဟယ်တော့ Lucky fish (လပ်ကီးဖစ်ရှ်) က ခုန်ပေါက်မြူးတူး နေပါလား . . .ဟယ် တလက်လက်နဲ့ . . .မေမေ့ ခေါ်ပြအုံးမှာပဲ” ဟု သိင်္ဂီသက်ထားက ဝမ်းသာအားရလေး အော်ပြီး ခုန်နေသည်။

“ကိုသွက်တော့ အရမ်းကံကောင်းတော့မှာပဲ သိလား” ဟုလည်း အားတက်သရော ဆိုလာ၏ ။

“ကိုသွက် လှမ်းမြင်တာလား”

“ဟုတ်တယ် . . . .သူက ဝုန်းကနဲ ခုန်လိုက်တာ လန့်တောင်လန့်သွားတယ် သံဇယာ ရှိလို့”

“အဲ့ဒါ လပ်ကီးဖစ်ရှ်လို့ ခေါ်တယ် အခုလိုသူ မြူးပြီး ခုန်ပြီဆို ကံကောင်းတယ် စီးပွါးတက်တယ် တဲ့ သိလား”

“ဟုတ်လား”

သွက်လက်အောင်က သိင်္ဂီသက်ထားပြောသမျှ အံ့အားသင့်စွာ နားထောင်နေသည်။

“အရောင်တွေ လွှတ်တာ သိပ်လှတာပဲ”

“အင်း”

သိင်္ဂီက သူ့ကို ပြုံးပြုံးကလေး စိုက်ကြည့်ပြီး . . .

“ကိုသွက်တကယ် ကံကောင်း တော့မှာ ထီထိုးလည်းပေါက်မှာ” ဟု

ယုံကြည်နေသည်။

သွက်လက်အောင်က နွမ်းပျော့စွာ ပြုံး၏ ။

ဟုတ်ပ့ါမလား။

သူက နှင်းနံ့သာနှင့် မနက်ဖန်ဆို လမ်းခွဲတော့မှာ . . . .

လောလောဆယ် သူမပျော်ပါ။ စိတ်ထဲမှာ ရှုပ်ထွေးနေသည်။

လပ်ကီးဖစ်ရှိရယ် . . . .

ကိုယ်တကယ် ကံကောင်းမှာလား။

နှင်းနံ့သာနဲ့ လမ်းခွဲဖြစ်တာ ကောင်းဖို့အတွက်လား။

ရှေ့အနာဂတ်ကာလကို သူဘယ်လိုမှ မျှော်ကြည့်လို့ မရသေးပါ။

သိဂ်ီသက်ထား ယုံသလောက်တော့ သူမယုံပါ။ မကြုံဖူးတာ ကြောင့်လည်း ဖြစ်ကောင်းဖြစ် လိမ့်မည်။

** ** **

ပါးကေးခင်းပေါ်မှာ ခြေဆန့်ထိုင်ပြီး တီဗီကြည့်နေသော သမီးလေးပုံစံ နွမ်းနွမ်း ညှိုးညှိုးမို့ အမေက စိတ်မချမ်းသာနိုင်ပါ။

သူတို့ချင်း သဘောတူစွာ ဆုံးဖြတ်ထားပြီးသားမို့ ဝင်စွက်ကန့်ကွက် စရာမရှိသော်လည်း အမှန်ဆိုရင်တော့ စိတ်ထဲက တားချင်နေတာ ပါပဲ။ ပြန်ပြီးစဉ်းစား စေချင်တာပါပဲ။

သို့သော် ယတိပြတ်ဆုံးဖြတ် ထားပုံရတာ ကြောင့် လည်း စဉ်းစားပါဟု

တိုက်တွန်းလျှင် အပိုသက်ဖြစ်မှာ မို့ ငြိမ်နေလိုက်တော့သည်။ နှင်းနုံ့သာက မေမေကြည့် နေတာသိသည် မေမေ့ကို ပြန်မကြည့်မိပေမယ့် မေမေ့ မျက်လုံးတွေကို နားလည်သည်။

နှင်းနုံ့သာ ဆုံးဖြတ်ပြီးပါပြီ မေမေရယ်။

ရှိပါစေတော့။

မနက်ဖန်ညနေဆို သွက်လက်အောင်၏ ဇနီးမဟုတ်တော့ပါ။

လေဟာနယ် တစ်ခုထဲကို တစ်ယောက်တည်း လွင့်စဉ်သွားသလို ခံစားမှုကို ခံစားရသည်။

"သမီး နှင်းနုံ့သာ"

"ရှင်"

မေမေက ကြည့်နေရုံက တဆင့်တက်ပြီး ခေါ်လာသည်။

"မနက်ဖြန်ညနေကိစ္စ သမီးဘယ်လို စီစဉ်တာလဲ"

နှင်းနုံ့သာက မေမေ့ကို လှမ်းမကြည့်ပဲ . . . .

"ဒေါ်လေးကို ခေါ်ထားတယ် မေမေ . . . သူလည်း လူကြီးတစ်ယောက် တော့ခေါ်လာမှာ ပါ။ တိုးတိုးတိတ်တိတ်ပဲ ပြီးသွားစေချင်တယ် မေမေ"

"သမီးတကယ်ဆုံး ဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါမျိုးဆိုတာ ခုတမျိုး တော်ကြာ တစ်မျိုးလုပ်လို့ မကောင်းဖူး"

မေမေက စိတ်မအေးနိုင်စွာ ဆိုလာသည်။

နှင်းနုံ့သာကတော့ မေမေတို့ စိတ်အနှောင့်အယှက် ဖြစ်ရအောင်

လုပ်တာလည်း မဟုတ်ပါဖူး”

“ရှေ့လာမယ့် အနာဂတ်အတွက် သမီး အများကြီး ပြင်ဆင်ထားရမယ် စဉ်းစားထားရမယ် . . .သူနဲ့ ကွာရှင်းလိုက်တာနဲ့ နာမည်ဆိုးကြီး တစ်ခုရလာမှာ”

နှင်းနံ့သာ သိပါတယ် မေမေရယ် . . .

အဲ့ဒါတွေကို ပြန်စဉ်းစားဖို့လည်း အင်အား မရှိတော့ပါဖူး။

သည်အခြေအနေ နေတောင်ရောက် လာခဲ့ပြီးမှ နောက်ပြန်လှည့် လို့လည်း မဖြစ်တော့ပါဖူး လှည့်လည်း မလှည့်ချင်ပါဖူး သူတို့ ချင်း ပျော်ရွှင်စွာ ဆုံဆည်းကြ ပါစေတော့။

“သမီး ထပ်စဉ်းစားချင်သလား ရက်ရွှေ့ချင်သေးလား”

မေမေက နှုတ်ဆိတ်နေသော နှင်းနံ့သာ ကိုမေးပါသည်။

“ဟင့်အင်း . . .ရက်မရွှေ့ပါဖူးမေမေ . . .မနက်ဖန် ညနေလို့ စီစဉ် ထားပြီးသားပဲ သမီး ခံနိုင်ရည်ရှိအောင် သတ္တိရှိအောင် ပြင်ဆင်ထား ပါတယ်”

နှင်းနံ့သာက အလန့်တကြားလေး ဖြေပါသည်။

ကိုယ့်ဘက်က ထပ်ပြီး ရက်ရွှေ့တာ မဖြစ်စေရပါ။

ကွာရှင်းပေးပါ့မယ် . . .။

ကျေကျေနပ်နပ် ကွာပေးပါ့မယ် မောင် . . .

မောင်ပျော်ပါ . . .

“အင်းလေ . . . သမီးစိတ်ပြတ်ရင် ပြီးတာပဲ”

မေမေက လက်လျှော့စကားဆို၏ ။

“သမီးစိတ်မပြတ်လို့ ရမှာလား မေမေ . . .သူ့မှာက ချစ်ရမယ့်

သူ့အဆင်သင့် သမီးမှ မလိုအပ်ပဲ မေမေရယ်”

မမျိုသိပ်နိုင်စွာ ဖွင့်ဟမိသည်။

“ဒါပေမယ့် မောင်သွက်လက်က ခုထက်ထိ သမီးလက်ထဲမှာ ရှိသေးတယ်၊ သမီးဆုံးဖြတ် ချက်ကို ပြင်လို့ ရသေးတယ်”

“တော်ပါပြီမေမေ သမီးက ခြေသလုံးဖက် တောင်းပန်ပြီဆွဲထားရမှာလား . . . သူ့စိတ်တွေ သမီးဆီမှာ မရှိတာ သိရက်နဲ့ အောင့်အီးနေပြရမှာလား . . . သမီးအဲ့ ဒီလောက်မရင့်ဖူး မေမေ ကိုယ့်ယောကျာ်းကို ဘယ်မိန်းမနဲ့ ခွဲဝေ မချစ်နိုင်ဖူး”

နှင်းနံ့သာက မျက်ရည်တွေ ကျလာပြီး ဗလုံးဗထွေးပြောကာ လှစ်ကနဲ ထပြေးတော့သည်။

သည်အကြောင်းအရာသည် နှင်းနံ့သာကို အရှက်ရစေသည်။ သိမ်ငယ်စေသည်။ မိသားစုထဲမှာပင် ခေါင်းမဖော်ဝံ့စရာပါ။

ဘယ်သူက ဒီလိုဖြစ်ချင်မှာလဲ . . .။

ပေးစားခဲ့မိတာလဲ ကိုယ့်အပြစ်ပါလားဟု နှင်းနံ့သာ မေမေက တွေးသည်။ ခုလို ပျက်စီးသွားမယ် မှန်းသိခဲ့ရင်လည်း ပေးစားဖြစ်ခဲ့မှာ မဟုတ်ပါ။

သွက်လက်အောင်နှင့် နှင်းနံ့သာတို့ ဘယ်လိုမှ ပြေလည်အောင် ညှိမရတော့ပြီ။

သူတို့နှစ်ဦးကြားမှာ သံသယ နှင့် မဖြစ်ခြင်းက ခံနေခဲ့ပြီ။

အထင်လွဲမှုလား သို့မဟုတ် အမှန်တရားလား ဆိုတာ သူတို့ပဲ သိလိမ့်မည်။ လူကြီးတွေလည်း ဖြန်ဖြေစေ့စပ် ပေးလို့မရတော့ပါ။

နှင်းနံ့သာက မေမေ တို့ အိမ်ပြန်ရောက်နေတာ နှစ်ပတ်တိတိ ရှိခဲ့ပါပြီ နောက်ပြန်လှည့်ဖို့ မစဉ်းစားတော့ပါ။

** ** **

သွက်လက်အောင်က ဘဲလ်ကို တီးပြီး ခဏစောင့်နေလိုက်သည်။

ချက်ချင်း လိုပါပဲ သိင်္ဂီသက်ထားက ပြေးထွက်လာသည်။

“အင်း . . .မြန်သားပဲ ဒီလောက်စောမယ် မထင်ဖူး“

သူနှမ်းစွာပြုံးပြမိသည်။

“လာလေ”

သိင်္ဂီသတ်ထားက သူ့ကို ခေါ်သည်။ သူက နေးတုံ့တုံ့ဖြစ်နေသည်။

ဘာလို့ဒီကို လာမိသလဲ။

သူဒီကို လာခြင်းအားဖြင့် နှင်းနံ့သာ၏ အထင်လွဲမှားမှုကို အားဖြည့်ပေးရာ ရောက်သည်။

သို့သော် သူမနေနိုင်ပါ။

နှင်းနံ့သာ မရှိသော အိမ်မှာနေရတာ သူ့အတွက် စိတ်ပင်ပန်း လွန်းသည်။

“ဟင် ငိုင်မနေပါနဲ့ . . .မျက်နှာကြီးက ”

သိင်္ဂီသက်ထားက သူ့လက်မောင်းကို ဖမ်းဆွဲပြီး ပြောလာသည်။

“ကိုသွက်”

“ဟင်”

"တကယ်စီစဉ်ခဲ့ပြီလားဟင်"

"ဘာလို့လဲ"

"သိချင်လို့"

"သိတော့"

"သိတော့ ဝမ်းသာမှာပေါ့"

"တမျိုးပါလား ဝမ်းသာရအောင် လက်ထပ်မှာ မဟုတ်ဖူး . . . ကွာရှင်းကြမှာ " ဟု သူသတိပေးမိသည်။

"ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဝမ်းသာဖို့ မကောင်းဖူး"

"သိင်္ဂီ ဝမ်းသာတယ်ကွာ"

သိင်္ဂီသက်ထားက စိတ်ထဲ ရှိသလို ဆိုလိုက်၏ ။

"ကိုသွက်ကို တကယ်ဆုံးရှုံး ရပြီထင်တာ"

သွက်လက်အောင်က ကားသော့ ပစ်ချပြီး ဆိုဖာမှာ ခြေပစ်လက်ပစ် ထိုင်ချသည်။ သူငယ်ချင်း ရှေ့နေက သူ့ပုံစံကြီး အရုပ်ကြိုးပြတ် ဖြစ်နေတာကို နားလည်စွာ . . .

"သွားပြန်ပေါ် လိုက်ပါကွာ . . .ချော့ကြည့်လိုက်ပါ" ဟု အကြံပေးပါသည်။ နှင်းနံ့သာ၏ ရေခဲပြင်လို ဆက်ဆံရေးကို မသိလို့ပါ။ သူ့ကို မောက်မောက်မာမာ ပြောလွှတ်မှာ သူလန့်နေသည်။ သွားမခေါ်ချင်ပါ။ ခေါ်လည်း လိုက်မယ်မထင်ပို၍ ပင် မာနဝင်ပြီး ရောင့်တက် သွားတက်အုံးမှာ။

မတော်တဆ ဟိုလူနေမိုး ရောက်နေတာနှင့် သွားဆုံလျှင် သူ့အတွက် တစ်သက်စာ အရှုံးဖြစ် သွားနိုင်သည်။

"ဟောတော် မကြားဘူး ဘာတွေ တွေးနေတာလဲ"

သိင်္ဂီသက်ထား အသံကြောင့် အတွေးတွေ ပြတ်သွားရ၏ ။

"လူကို ဘေးနားထားပြီး ဒီလိုတွေး နေလို့မရပါဖူး"

နှုတ်ခမ်းစူ စိတ်ကောက်ချင်သည်။

"ကိုသွက်"

"ပြော"

"သိင်္ဂီတို့ ဟိုတုန်းကလိုပဲလား"

သူ့ကို အခက်တွေ့စေသော မေးခွန်းပါ။ လောလောဆယ် သူဘာမှ မဆုံးဖြတ်ရသေးပါ။

သိင်္ဂီသက်ထားဆီ ရိုးသားစွာ လာခဲ့တာပဲ ဖြစ်သည်။

"ဖြေလေ"

"ဘာကိုမေးတာလဲ"

"ကိုသွက်သိပါတယ်"

သူ ဟူးကနဲ သက်ပြင်းရှိုက်သည်။

"ကိုယ် နှင်းနှံ့သာနဲ့ မကွာရှင်း ရသေးဖူး"

"ကွာရှင်းပြီးရင် သင်္ဂီနဲ့ အမြန်ဆုံး လက်ထပ်ရမယ်"

ပြတ်သားစွာ တောင်းဆိုလာ၏ ။

လွန်တော့ မလွန်ပါ။ တစ်ခါ ကျန်ခဲ့ရသူမို့ လန့်နေမိသည်။ ထပ်တစ်ကြိမ် မဆုံးရှုံးချင်ပါ။

"ကိုယ် ကတိတော့ မပေးနိုင်သေးဖူး"

"ဘာလို့လဲ"

"နှင်းနံ့သာနဲ့ မကွာရှင်း ရသေးတာ"

"သူတို့လည်း လက်ထပ်ကြမှာပါ"

"ကိုယ်တို့အကြောင်းပဲ ပြောရအောင်"

အောင့်သက်စွာ တားမိသည်။

"ပြီးရောလေ သိင်္ဂီကတော့ ဒီတစ်ခါ လက်မလျှော့ဖူး"

"လောလောဆယ်တော့ ကိုယ်တို့ မိတ်ဆွေတွေပဲ ဖြစ်ရအောင်"

"ကိုသွက် အဲ့ဒီနှင်းနံ့သာကို တော်တော်ချစ်ပါလား"

"အတူတူ နေရရင် သံယောဇဉ် ဖြစ်တတ်တာပဲ"

"ပိုကိုပိုပါတယ်"

မနာလို ဝန်တိုစွာ ရှိနေ၏။

"ကိုယ်တို့ အကြောင်းပဲ ပြောကြရအောင်"

"လာချင်ရင်လည်း ရှင့်သဘော သွားချင်ရင်လည်း ရှင့်သဘောတော့ မရဖူး"

နှင်းနံ့သာရယ် . . .

ကိုယ့်အနားမှာက သိင်္ဂီသက်ထားနှင့် . . .

မင်းဘေးနားမှာက နေမိုးနှင့် . . .

ကိုယ်တို့ ပြန်လက်တွဲ နိုင်ပါ့မလား . . .။

ကိုယ်တို့ အချစ်က အစမ်းသပ် မခံနိုင်လို့ပဲ သည်အခြေအနေ ရောက်လာခဲ့ရတာ ။

တစ်ယောက်အပေါ် တစ်ယောက် မယုံကြည်ဖူး၊ မာနလည်း မချနိုင်ဖူး။

ဘာပဲဖြစ်ဖြစ် မင်းကို ကိုယ်သွားခေါ် ကြည့်မယ်။

နောက်ဆုံးအကြိမ် ဖြစ်ဖြစ် ကိုယ်တို့ရဲ့ အိမ်ကလေးမှာ အတူတူ ရှိနေကြရအောင် . . .

နှလုံးသားရဲ့ စစ်မှန်တဲ့ ဆန္ဒတွေ ဘယ်လိုများ ရှိကြမလဲ ဆိုတာ။

ဒါပေမယ့် မျှော်လင့်ချက်တော့ သိပ်မရှိပါဖူး။

ကြားလူတွေ ရှိနေပြီလေ။ ကိုယ်တို့ကွာဟဖို့ သူတို့ မျှော်လင့်နေကြပြီ။

ဒါဟာ ဘယ်သူဖန်တီး ခဲ့တာလဲ။

သိဂ္ဂီသက်ထား ဆီရောက်နေတဲ့ ကိုယ့်ကို မင်းမုန်းချင်လည်း မုန်းလိမ့်မယ် နာချင်လည်း နာလိမ့်မယ်။

မင်းမှာ နေမိုးရှိနေပါလား ဆိုတဲ့ အသိဟာ ကိုယ်ဘယ်တော့မှ မလုပ်ဖူးလို့ ဆုံးဖြတ်ထားတာ မျိုးတွေ လုပ်ဖြစ်စေတယ်။ ကိုယ်ဘယ်တော့မှ မပြောဖူးလို့ ပြောထားတွေ ပြောမိစေတယ်။

** ** **

မိုးလင်းစ နံနက်ခင်း . . .

နှင်းနံ့သာက အစောကြီးပဲ နိုးလာခဲ့ပါသည်။

ညကလည်း လူးလူးလှိမ့်လှိမ့် နှင့် အိပ်မပျော်ခဲ့ပါ။

ဘာရယ်ကြောင့် မသိ စိတ်တွေလေးပင် မွန်းကြပ်ပြီး မပျော်ရွှင်

ပျော်ရွှင်စရာလည်း ကောင်းမှ မကောင်းတာ။

သည်ညနေဆို သွက်လက်အောင်နှင့် တရားဝင် ကွာရှင်းပြတ်စဲကြတော့မည်။ ဖူးစာကံကုန်ပြီ ထင်ပါရဲ့။ တကယ် ဝေးကြဖို့ ဖြစ်ခဲ့ပြီ။

ရှည်ရှည်ဝေးဝေးလည်း စဉ်းစားမနေတော့ပဲ ရေမိုးချိုး အဝတ်စားလဲကာ အကြာကြီး ဘုရားရှိခိုသည်။ ပုတီးစပ်သည်။

ရင်ထဲမှာ အေးငြိမ်းကြည်လင်လာ၏။

သတ္တဝါအပေါ်ကို မေတ္တာပို့မိသည်။

ဘုရားရှိခိုးပြီး သွားပေမယ့် ဆက်ထိုင်နေ မိသေးသည်။

အဲ့ဒီအချိန်မှာပဲ မေမေက ဘုရားခန်း၏ လိုက်ကာကို မဖယ်ပြီး . . . .

“သမီးနှင်းနံ့သာ ” ဟုခေါ်လာသည်။

“လာပြီ မေမေ”

နှင်းနံ့သာက မေမေ ကော်ဖီသောက်ဖို့ လာခေါ်တာပဲ ဟု ထင်သည်။

မေမေက နှင်းနံ့သာကို စေ့စေ့ကြည့်ရင်းက . . .

“မောင်သွက်လက်အောင် ရောက်နေတယ်” ဟုဆိုသည်။

“ဟင်”

မနက်အစောကြီး သူဘာလာလုပ် ပါလိမ့်။

မျက်ခုံးလေးပင့် အံ့ဩသွားပြီး . . .

“ဘာကိစ္စတဲ့လဲ မေမေ” ဟု မေးမိသည်။

“သမီးကို လာခေါ်တာတဲ့”

မေမေ့ စကားကို နှင်းနံ့သာ နားမလည်ပါ။

ညနေငါးနာရီ တိတိမှာ နှစ်ယောက်အတူတူ နေခဲ့ကြသော အိမ်ကလေး ဆီသွားဖို့ စီစဉ်ခဲ့ကြပြီး သားမဟုတ်လား။

“သမီး ပစ္စည်းတွေ သိမ်းစရာ ရှိတာသိမ်း၊ ယူစရာ ရှိတာယူတဲ့ သမီးက ဘာမှ မယူပဲ ဆင်းလာခဲ့တာ မဟုတ်လား”

မေမေက သူ့စကားကို ပြန်ပြောပြပါသည်။

ယူစရာ ရှိတာ ဘာယူစရာ ရှိတာလဲ။ နှင်းနံ့သာ ဘာမှ မယူချင်ပါဖူး။ မယူချင်လို့လည်း ယူမလာခဲ့တာ . . . .ခုမှပြန်ယူစရာလား။

နှုတ်ခမ်းလေး ကိုက်ရင်း တွေးမိသည်။

“သမီး စာအုပ်တွေလည်း သိမ်းအုံးတဲ့”

ဟုတ်သားပဲ မေ့နေလိုက်တာ။

စာအုပ်တွေ ယူရမှာပေါ့။

နှင်းနံ့သာ တကူးတက အမြတ်တနိုး ရှာဖွေစုဆောင်း ထားတဲ့ ရှားပါးစာအုပ်တွေ သိပ်ကို မက်မောမိပါသည်။

“အောက်မှာ စောင့်နေတယ် သမီးတို့ ကော်ဖီသောက်ရင်း စကားပြောနှင့် မေမေ ဘုရား ရှိခိုးပြီး ဆင်းလာမယ် သမီးဖေဖေက လမ်းလျှောက် ထွက်သွားပြီ”

မေမေ့ကို ခေါင်းညိတ်ပြပြီး လှေခါးက ဆင်းလာခဲ့၏ ။

ထမင်းစာခန်းရှိ ထမင်းစားပွဲမှာ သူက ထိုင်နေသည်။

နှင်းနံ့သာက ခြေသံဖွဖွနှင့် သူ့ရှေ့ရောက်သွားသည်။

သူ့အတွက် မေမေက ကော်ဖီတစ်ခွက် ဖျော်ပေးထားသည်။

နှင်းနံ့သာက သူ့ရှေ့မှာ ဝင်ထိုင်လိုက်၏ ။ ခါတ်ပူးထဲက ကော်ဖီ

တစ်ခွက်ငှဲ့သည်။

“နှင်းနံ့သာ”

“ကျွန်မ သိပြီးပြီ မေမေ ပြောပြီးပြီ”

သူက ခေါ်ရုံရှိသေး နှင်းနံ့သာက စကားဖြတ် ချလိုက်၏။

“ဒါဆို လည်းသွားရအောင်”

“ကျွန်မ ချက်ချင်းမလိုက် နိုင်သေးဖူး မုန့်စားရအုံးမယ် အဝတ်စားလဲ ရအုံးမယ်”

“ရပါတယ် . . . စောင့်မှာပေါ့”

သွက်လက်အောင်က နှင်းနံ့သာကို ငေးစိုက်ကြည့်သည်။

“နောက်ဆို စောင့်စရာ မလိုတော့ဖူး စိတ်ရှည်ရှည် စောင့်မယ် လုပ်ပါ။ ဒီတစ်ခါမလာဖူး”

အပြင်သွားစရာ ရှိလျှင် နှေးတုံ့တုံ့နှင့် မပြီးနိုင်မစီးနိုင် ဖြစ်နေသော နှင်းနံ့သာကို သူက ဘယ်တော့မှ စိတ်မရှည်။

“နှင်းနံ့သာက မိန်းကလေး ရှင်လို့ ဖျတ်ကနဲ ထထွက်သွားလို့ ရမလား . . . ပိုက်ဆံ အိတ်ယူရတယ် သော့ယူရတယ် . . . မီးခလုတ်တွေ စစ်ရသေးတယ် . . . .အိမ်အတွက်ရော လူတကိုယ်စာရော ရှင်က သွားမယ်ဆို ကားသော့ ကောက်ယူပြီး ဇတ်ကနဲ ထွက်သွားရုံပဲ ဘယတာဝန်မှ မရှိဖူး။ တူမလား ဒါဆို ရှင်အဲ့ဒါ တွေလုပ်”

သူက စိတ်မရှည်လျှင် နှင်းနံ့သာနှင့် စကားများရရော။

“ရှုတ်ကိုရှုတ်တယ်”

သွက်လက်အောင်က အမြဲပြောတတ်သည်။

ခုတစ်ခါတော့ နောက်ဆုံးအကြိမ်မို့ စိတ်ရှည်ရှည်စောင့် ပေးမတဲ့ လား

နှင်းနှံ့သာ စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားမိသည်။

ဟိုတစ်ယောက်ကိုရော သူမစောင့်ရဖူးတဲ့လား စောင့်ရလျှင်ရော စိတ်တိုမှာပဲလား . . .နှင်းနှံ့သာ ကိုမို့ သူစိတ်မရှည်တာလား။ ဘယ်မိန်းကလေး ဖြစ်ဖြစ် အပြင်ထွက်လျှင် ပြင်ဆင်ကြတာ ချည်းပဲ။

သူ့ကောင်မလေးကတော့ "သွားမယ်" ဆိုတာနှင့် ဖဝါးထပ်မျှ ပါပြီးသား စောင့်စရာ မလိုလောက်အောင် အရည်အချင်း ရှိနေသလား။ ဒါဆို နှင်းနှံ့သာမှာ အဲ့ဒီအရည်အချင်း မရှိပါ။

စောင့်ရတာ ကို စိတ်မရှည်တတ်သော မိန်းမ တစ်ယောက်မှာ ဘယ်လိုမှ လိုက်ဖက်မညီ။

တစ်ယောက်ယောက်က အလျှော့ပေး ပြုပြင် ရတော့မည်။

အင်းလေ အလျှော့ပေးပြုပြင် စရာလည်း မလိုအပ်တော့ပါ။

သူတို့နှစ်ဦးအတွက် သည်တစ်ရက် ကလေးပဲ ကျန်တော့တာ။

သူမှားသလား ကိုယ်မှားသလား ဝေခွဲဆန်းစစ် နေလည်း အဓိပ္ပါယ်မရှိတော့ ပါဖူး။

အရေးကြီးဆုံးက နှစ်ဦးစလုံးရင်မှာ နောင်တမဲ့ ဖို့ပါပဲ။

ဘယ်တော့မှ နောင်တမရဖူး ဆိုရင်တော့ သူတို့ ဆုံးဖြတ်ချက်တာ မှန်ကန်တဲ့ ဆုံး ဖြတ်ချက်ပဲ ဖြစ်မှာပါ။

** ** **

မိုးလင်းစမို့ ကားလမ်းတစ်လျှောက်မှာ ကားတွေရှင်းကာ တိတ်ဆိတ်လို့ နေသည်။

စူဇူကီးဝယ်ဂွန်း (SUZUKI WAGON) အပြာရောင်လေးက လမ်းပေါ်မှာ တရိပ်ရိပ် ပြေးနေသည်။

နှင်းနံ့သာက သူ့ဘေးမှာ ဝင်ထိုင်ပြီး ဘိုမရုပ်ကလေးကားပေါ် ထိုင်ပေးထားသလို ငြိမ်သက် တိတ်ဆိတ်ပါလာသည်။ အသက်ရှိသူ ဟုပင်မထင်ရ။

သွက်လက်အောင်ကတော့ နေမပူသေးပဲ နေကာ မျက်မှန်အမဲ တစ်လက်ကို တတ်ထားသည်။ ရာသီဥတုကလည်း မပူပြင်းပါပဲနှင့် ဝတ်ထားသော အကျႌကို ကားကူရှင်ပေါ် လွှားထားပြီး စွပ်ကျယ် အဝါနုနုနှင့် ကားမောင်းနေသည်။

နှုတ်ခမ်းမွှေးစိမ်းစိမ်းများနှင့် နှုတ်ခမ်းရဲရဲတစ်စုံသည် ပိရိသေသပ်ပြီး တည်တင်းနေသည်။

ထိုနှုတ်ခမ်းအစုံသည် ပြုံးလိုက်လျှင် အင်မတန်စွဲဆောင်အား ကောင်းလှသည်။ အင်မတန် ချိုမြိန်နူးညံ့သည်။

နှင်းနံ့သာက ကားရှေ့မှန်ကို ဖြတ်သန်းပြီး ရှေ့ကို တည့်တည့်ကြည့် နေသည်။ မျက်တောင်တချက် မခတ်ပါ။

ဘေးမှာရှိနေသော သွက်လက်အောင်နှင့် နှင်းနံ့သာမှာ ဘာမှ ပြောစရာ စကားမရှိ ဖြစ်နေသည်။

ကားရှိန်သိသိ သာသာနှေးသွားတော့ နှင်းနံ့သာ မျက်လုံးလေး တစ်ချက်ရွေ့သွားသည်။ သူ့ဆီမရောက်ပါ။ သူ့ကိုကြည့်တာ မဟုတ်။ ကားအရှိန်လျှော့ သွားတာကို သတိပြုမိတာပါ။

သူက ကားကို တုန့်ကနဲရပ်သည်။

နှင်းနံ့သာ မျက်နှာလေး သူ့ဘက်လှည့်ကြည့်ပြီးသား။

ဘာဖြစ်လို့ ရပ်လိုက်မှန်း နှင်းနံ့သာ နားမလည်လို့ပါ။

"စာအုပ်တွေ သိမ်းလို့ရအောင် လာခေါ်တာ"

မျက်မှန်အနက်က သူ့မျက်လုံးတွေကို ကာထားသည်။ မမြင်ရပါ။ နှုတ်ခမ်းအဖွင့် အပိတ်ကိုသာ မြင်ရသည်။

"နှင်းနံ့သာကို မျက်မှန်ကြီး တတ်ပြီး မပြောနဲ့ အရမ်းမုန်းတာပဲ"

မကြာခဏ ပြောခဲ့ဖူးပါသည်။

သည်စတိုင်ကို နှင်းနံ့သာ မကြိုက်တာသူ သိသည်။

ကြိုက်ကြိုက် မကြိုက်ကြိုက် ဂရုစိုက်စရာ မလိုတော့ပါ။

သူနှင့် နှင်းနံ့သာသည် လမ်းခွဲဖို့ တည်းတည်းကလေး သာလိုတော့သည်။ သူ့ကို ဒါကြိုက်တယ် ဒါမကြိုက်ဖူး ဟုပြောစရာ မရှိတော့ပေ။

"ဘယ်မှာနေဖို့ စဉ်းစားထားလဲ"

လုံးဝမလိုအပ်သော မေးခွန်းကို သူက မေးလာခဲ့သည်။

ဘယ်မှာနေဖို့ စဉ်းစားထားလဲ"

လုံးဝလိုအပ်သော မေးခွန်းကို သူက မေးလာခဲ့သည်။

ဘယ်မှာ နေနေ ဘာတွေပဲ ဖြစ်ဖြစ် နှင်းနံ့သာနှင့် သူမှ မဆိုင်တော့တာ ဘာမှ မေးစရာ မလို။

"အင်း နေမိုးကတော့ ဝမ်းသာရှာမှာပဲ"

သူ့နှုတ်ခမ်းတွေ၏ မထိတထိ အပြောနှင့် တိုးသဲ့သဲ့ရယ်သံမှာ လှောင်ရိပ်သရော် ရိပ်ပါသည်။ ကူရှင်မှာ ချိတ်ထားသော ရှပ်အကျႌကို ယူဝတ်သည်။

နှင်းနံ့သာက သူ့ကို ခွန်းတုံ့မပြန်ပဲ မျက်နှာလေးရှေ့ ပြန်လှည့်လိုက်၏ ။

သူနှင့် စကားမပြောချင်ပါ။

သူသည် နှင်းနံ့သာက သူ့ကို ခွန်းတုံ့မပြန်ပဲ မျက်နှာလေး ရှေ့ပြန်လှည့်လိုက်၏ ။ သူနှင့် စကားမပြောချင်ပါ။

သူသည် နှင်းနံ့သာ၏ ဣန္ဒြေနှင့်မာန၊ ပြီးတော့ စောင့်ထိန်းမှု စည်းကမ်းဒါတွေကို အကြိမ်ကြိမ် စော်ကားသည်။

“ဒီဘက်လှည့်ပါအုံး”

ပုခုံးပေါ် ရောက်လာသော သူ့လက်ကို ဖယ်ပစ်လိုက်သည်။

“မေးတာဖြေလေ”

“ဖြေစရာမှ မလိုပဲ”

“ဟုတ်လား“

“သိစရာလည်း မလိုဖူး ဘယ်မှာနေနေ”

သွက်လက်အောင်က ဆတ်ခနဲ ခေါင်းညှိတ်သည်။ နှုတ်ခမ်းတွေက အေးစက်တင်းစေ့ သွား၏ ။

“သိမ်းစရာ ရှိတာတွေ သိမ်းရင်း ညနေအထိတော့ ဖြစ်သွားမှာပဲ” ဟု သူက ဆိုပါသည်။

“စားစရာကတော့ ဘာမှရှိမှာ မဟုတ်ဖူး မင်းချက်ရင်ချက် မချက်ရင် ကိုယ်ထွက်ဝယ်မယ် ဒါပဲရှိတယ်” ဟု အစီအစဉ်ကို ပြောပြ၏ ။

ပြီးတော့ ကားကို ပြန်စက်နှိုးသည်။

နှင်းနံ့သာက ကျောက်ရုပ်လိုပဲ ငြိမ်သက်ပါလာသည်။

သိပ်မကြာခင်မှာပဲ သနှင့် လက်ထပ်ပြီး နှစ်ယောက်အတူတူ နေခဲ့ဖူးသော အိမ်ကလေးဆီ ရောက်လာ၏ ။

"ကဲ ရောက်ပြီ"

သည်ဝန်းကျင်သည် အရိပ် သည်အိမ်ကလေးသည် နှင်းနံ့သာ နှင့် စိမ်းမနေခဲ့ပါ။ တစ်သက်လုံး နေခဲ့သော မေမေ့အိမ်ကို ပြန်သွား တုန်းကတော့ ခုလို လွမ်းမောဆွတ်ပျံ့သလို ခံစားမှုလေး မခံစားခဲ့ ရပါ။ သည်အိမ်ကလေးရှေ့ ရောက်တော့ ရင်ထဲမှာ နွေးလာသည်။ လုံခြုံကြည်နူးမှု တစ်မျိုးလာရောက် လွှမ်းခြုံလိုက် သလိုပါ။

ထိုအိမ်ကလေးမှာ ကာလတိုတို ကလေးတစ်ခုပဲ နေခွင့်ရခဲ့တာ စိတ်မကောင်းစရာပါ။ သူကသော့တွဲကို လက်ထဲကိုင်ထားပြီး ခြံတံခါးလေးကို အရင်ဖွင့်သည်။

နှင်းနံ့သာက ကားထဲမှာပဲ ထိုင်နေတုန်း။

ခြံတံခါးနှစ်ဘက်ကို တွန်းဖွင့်ပြီး ကားဆီပြန်လျှောက်သည်။

ကားပေါ် တက်တံခါးကိုပိတ်ပြီး ခြံထဲမောင်းသည်။ ခြံတံခါး ဆင်းပိတ်သည်။

ယဉ်ပါးသော အငွေ့အသက် တစ်ခုက လာရောက်ပွေ့ ပိုက်ကြိုဆိုသလို ထင်မိသည်။ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်ဘဝရယ်လို့ ခံယူပြီး ရက်ရှည်လများ နေခဲ့ဖူးတာမို့ စိမ်းသက်မနေပါ။

သွက်လက်အောင်က အိမ်ရှေ့သံပန်း တံခါးကို ဖွင့်သည်။

"လူကြီးတွေ ဘာပြောသေးလဲ"

နှင်းနံ့သာ ဘက်လှည့်ပြီး စိတ်ဝင်တစား မေးပါသည်။

"ဘာမှမပြောဖူး"

တုံးတိတိ ဖြေမိသည်။ လူကြီးတွေက ဘာများပြောနိုင်မှာလဲ။

သူတို့နှစ်ယောက်က သည်လောက် ပြတ်သား အေးစက်နေကြတာ။

“မတားဖူးလား စဉ်းစားပါအုံးလို့ မပြောဖူးလား”

“မပြောဖူး”

“ရှင် မှားနေပြီး မပြောဖူး”

“ဟုတ်လား”

နှင်းနှံ့သာက သူ့ကို မကြည့်ပဲ ကိုယ်စိုက်ထားခဲ့သော နှင်းဆီပန်းအိုး အကြည့်ရောက်၏ ။

ညှိုးရော်ခြောက်သရောင်း နေပါရောလား။

နှင်းဆီပင် သေသွားပြီ ထင်ပါရဲ့။

နှစ်ပတ်လောက် ရေမလောင်း ဂရုမစိုက်တာနှင့်ပဲ အဲ့ဒီလိုဖြစ်ရသလား

အင်းလေ နှစ်ပတ်တော့ မကပါဖူး။

နှင်းနှံ့သာ သူ့ကို ဂရုမစိုက်ပဲ ပစ်ထားခဲ့တာ တစ်လကျော်ပင် ရှိလောက်ပြီ။ နှင်းဆီပင်လည်း တင်းမထားနိုင်တော့ ။ ယိုင်ကျချင်ပြီ။

“ကိုယ့်ဖေဖေ က ပြောပါတယ် . . . မင်းထပ်စဉ်းစားပါအုံး . . . တဖက်မိန်းကလေး အတွက်လည်း မကောင်းပါဖူးတဲ့”

“သွက်လက်အောင်က ပြန်ပြောပြသည်။

နှင်းနှံ့သာက ဖျော့တော့စွာ ပြုံးသည်။

“ဘာပဲဖြစ်ဖြစ် ကိုယ်မှားခဲ့တာ တွေရှိရင် ခွင့်လွှတ်ပါ . . . .ကိုယ်တို့ လက်ထပ်ခဲ့ ကြတယ် အတူနေခဲ့ကြတယ် . . . .အခုကွာရှင်း ကြတော့မယ် အဲ့ဒီ ကာလတစ်လျှောက် လုံးအတွက် ကိုယ်တောင်းပန်ပါတယ် မှားခဲ့တာ တွေရှိရင် ခွင့်လွှတ်ပါ”

သွက်လက်အောင် စကားက နှင်းနံ့သာ နှလုံးသားကို ဆုပ်ခြေလိုက်သလို မွန်းကြပ်ကြေမွ စသည်။

သည်လိုစကားတွေ ပြောဖို့လည်း မလိုအပ်တော့ပါ။

"ကဲ ရပြီ"

သော့ဖွင့်တံခါးကို တွန်းပြီး သူက ဆိုသည်။

ပင့်သက်မောတချက်ရှိုက်လိုက်တာ သတိထားမိသည်။

သူဘယ်တုန်းက ခုလို နွမ်းနွမ်းရိရိ ဖြစ်နေခဲ့ဖူးသလဲ။

ချက်ချင်းပဲ တွေးမိသည်။

နှင်းနံ့သာ ကြောင့်များလား။ ဒါမှမဟုတ် အခြေအနေ တစ်ခု ကြောင့်လား။ သည်လိုနေ့ သည်လိုအချိန်မျိုးမှာ ဘယ်သူက ကြည်သာ ပျော်မွေ့နေမှာတဲ့လဲ။

သူ စိတ်အနှောင့်အယှက် ဖြစ်နေပါရောလားဟု တွေးမိသော အခါ ဂရုဏာလား နောင်တလား ဘာမှန်းမသိသော ခံစားမှု ရင်ထဲ ရောက်လာ၏ ။

ဟင့်အင်း သူ့ကို နှင်းနံ့သာ ဂရုစရာ မလိုဖူး။

စိတ်ကို တင်းပစ်သည်။

ဘာပဲဖြစ်ဖြစ် ထိုအိမ်ကလေးထဲကို သည်နေ့မနက် ပြန်ချေချ မိခဲ့ပြီ။ သည်အိမ်ကလေး သည် သူတို့နှစ်ဦး၏ မင်္ဂလာဦး အိမ်ကလေးပဲ ဖြစ်သည်။

ချစ်ရနံ့တွေများစွာ ကျန်ရှိနေသည်။

ရင်ခုန်သံတွေ ဟောင်းနွမ်းသွားပေမယ့် သံယောဇဉ်က ပိုလို့ တိုးလာသည်။

ဘာလို့များ ကိုယ်တို့ ဝေးကြဖို့ ဖြစ်လာရတာ လဲ။

** ** **